| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေစိစစ်ရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(မ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ယ) ကိုယ်စားလှယ် (၁၀) ဦး အဖွဲ့ဝင်
ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွားများအတွက်
ဆောင်ရွက်လျက်ရှိသည့်လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော
အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ

(ရ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(လ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အစီအမံများ ချမှတ်ခြင်း၊

(ခ) စာပိုဒ်ခွဲ (က) အရ ချမှတ်ထားသော မူဝါဒများနှင့်အညီ ကလေးသူငယ်၏ အခွင့်အရေးများကိုလေးစားရေး၊ အကာအကွယ်ပေးရေးနှင့် အပြည့်အဝခံစားစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောအရင်းအမြစ်များရရှိရေးအတွက်ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏လုပ်ငန်းတာဝန်များထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သောလုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများလက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာ အသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သင့်လျော်သလိုပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကလေးသူငယ်များပြစ်မှုမကျူးလွန်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်ဆိုင်ရာလုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာစိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ဈ) ကလေးသူငယ်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှတောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း၊

(ည) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလမ်းညွှန်သည့် ကလေးသူငယ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၀) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

## စက်ပစ္စည်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်နှင့် လေယာဉ်အပါအဝင် စက်ပစ္စည်းများ၏ စာရင်းကိုစုစည်း၍ စက်ပစ္စည်းအင်အားကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မူဝါဒနှင့် လမ်းညွှန်မှုများချမှတ်နိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) ဒုတိယစစ်ထောက်ချုပ် အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စာရင်းကောက်ယူ၍ စာရင်းအင်းများ စနစ်တကျ ရေးဆွဲခြင်း၊

(ခ) ယာဉ်နှင့် ယန္တရားအပါအဝင်စက်ပစ္စည်းများကို စနစ်တကျအသုံးချမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဂ) ပုဂ္ဂလိကအသင်း၊ အဖွဲ့အစည်းများသို့ စက်ပစ္စည်းများထုတ်ပေးငှားရမ်းခြင်းအတွက် သင့်လျော်သော ငှားရမ်းခနှုန်းထား သတ်မှတ်ပေးခြင်း၊

(ဃ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၌ ထိန်းသိမ်းထားသော စက်ပစ္စည်းများ ပြင်ဆင်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ရုံးသုံးပရိဘောဂအပါအဝင် စက်ပစ္စည်းများ ဝယ်ယူခြင်း၊ ရယူခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ထောက်ခံချက်၊ လမ်းညွှန်မှုနှင့် အကြံဉာဏ်များပေးခြင်း၊

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ စက်ပစ္စည်းများကို လိုအပ်ပါက အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးက စက်ပစ္စည်းများကို ပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဝယ်ယူရာတွင် စက်ပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်းနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူပေးခြင်း၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၏ ကုန်သွယ်မှုလုပ်ငန်းအတွက် ဝယ်ယူမည့်စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဈ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စစ်ဆေး၍ တန်ဖိုးသတ်မှတ်ပေးခြင်း၊

(ည) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ယင်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လုပ်ငန်း အလျောက်လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း။

၄။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် မိမိလုပ်ငန်းတာဝန်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

၅။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ယခင်ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၀) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်အား အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ အမိန့်အမှတ် (၈၇/၂၀၂၁) ဖြင့် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သည့်အတွက်

ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းအား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒေါက်တာစိုးဝင်းသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာန၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

**ဥပဒေဘာသာပြန်ကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များဆောင်ရွက်နေသည့်ကာလအတွင်း ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပါ ဘာသာပြန်လုပ်ငန်းများကို အချိန်အဟုန်မပျက်ဆောင်ရွက်နိုင်စေရန် **"ဥပဒေဘာသာပြန်ကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဒေါက်တာသီတာဦး — ဥက္ကဋ္ဌ
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

( ခ ) ဦးဘတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

( ဂ ) ဦးပေါ်ခိုင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(ဃ) ဦးအလုံးမောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

( င ) ဦးတိုးမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(စ) ဦးမြသိန်း — အဖွဲ့ဝင်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် (အငြိမ်းစား)
တရားလွှတ်တော်ရှေ့နေ

(ဆ) ဦးအောင်ခိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဇ) ဒေါက်တာနီနီအောင် — အဖွဲ့ဝင်
ပါမောက္ခ
အင်္ဂလိပ်စာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

(ဈ) ဦးထွန်းအောင်ကျော် — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)
အင်္ဂလိပ်စာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်

(ည) ဒေါက်တာခင်ချစ်ချစ် — အဖွဲ့ဝင်
ပါမောက္ခ
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်

(ဋ) ဒေါ်ခင်မာကြူ — အဖွဲ့ဝင်
တွဲဖက်ပါမောက္ခ (အငြိမ်းစား)
ဥပဒေပညာဌာန၊ ရန်ကုန် (အရှေ့ပိုင်း) တက္ကသိုလ်

(ဌ) ဒေါက်တာဝင့်ဝါဝါလှိုင် — အဖွဲ့ဝင်
ပါမောက္ခ
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

(ဍ) ဒေါက်တာသိန်းနိုင် — အဖွဲ့ဝင်
ပါမောက္ခ (အငြိမ်းစား)
မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

(ဎ) ဒေါက်တာဆွေဆွေအောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ဥပဒေစိစစ်ရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဏ) ဦးကပ်တလွန်း — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဥပဒေဘာသာပြန်ဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ကျခံရမည့်ကုန်ကျစရိတ်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၇) နှင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၉) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

**စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးကဏ္ဍမှ အဓိကပါဝင်လျက်ရှိရာ ပြည်သူများ၏အပ်နှံစုဆောင်းငွေများဖြင့် နှစ်တို၊ နှစ်လတ် ကူးသန်းရောင်းဝယ်ရေးချေးငွေ (Commercial) နှင့် MSME ချေးငွေများအပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံရသော စီမံကိန်းနှင့်မူဝါဒဆိုင်ရာလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများထုတ်ချေးပေးလျက်ရှိပါသဖြင့် ကျပ်သန်း (၁၅၀၀) အထက် သတ်မှတ်ထုတ်ချေးရာတွင် စိစစ်နိုင်ရန် **"စီမံကိန်းနှင့်မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ စီမံကိန်းနှင့်မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီတို့၏ စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေလျှောက်ထားလာမှုများအပေါ် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ စီးပွားရေးမူဝါဒနှင့် ကိုက်ညီသော ချေးငွေလျှောက်ထားလာမှုများကို စိစစ်ခွင့်ပြုခြင်း၊ မကိုက်ညီပါက ငြင်းပယ်ခြင်း၊

(ခ) ချေးငွေထုတ်ချေးခြင်းနှင့် သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများကို လိုအပ်ပါက စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်၊

(ဂ) ခွင့်ပြုချေးငွေ သက်တမ်းကာလ (နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်) သတ်မှတ်ပေးခြင်း၊

(ဃ) ချေးငွေရယူမည့်လုပ်ငန်းအမျိုးအစား၊ စီမံကိန်းပေါ်မူတည်၍ ချေးငွေအတိုးနှုန်းသတ်မှတ်ပေးခြင်း၊

(င) ဘဏ်ချေးငွေတစ်ရပ်အတွက် လက်ရှိရယူနေသော မြေ၊ အဆောက်အဦ စသည့် အာမခံပစ္စည်းများအပြင် လိုအပ်ပါက အခြားသော အာမခံပစ္စည်းအမျိုးအစား (စက်ပစ္စည်း) ကို တိုးချဲ့သတ်မှတ်ခွင့်ပြုခြင်း၊

(စ) ချေးငွေထုတ်ချေးခွင့်ပြုပြီးနောက် လုပ်ငန်းရှင်မှ ရင်းနှီးရန်မလုံလောက်၍ ချေးငွေပမာဏတိုးမြှင့်ပေးရန် ထပ်မံလျှောက်ထားလာသော ကိစ္စများအပေါ် စိစစ်ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း၊

(ဆ) ချေးငွေအရင်းအတိုးပေးဆပ်မှုအပေါ် စောင့်ကြည့်ကြပ်မတ်ခြင်း၊

(ဇ) အာမခံပစ္စည်းများ တည်မြဲနေခြင်း ရှိ-မရှိ စီးပွားရေးလုပ်ငန်းများအခြေအနေတိုးတက်မှု ရှိ-မရှိ တို့ကို အကဲဖြတ်အဖွဲ့များ Evaluation Teams ဖွဲ့စည်းစစ်ဆေးမှုပြုလုပ်ခြင်း၊

(ဈ) ခွင့်ပြုပြီးသောချေးငွေတစ်ရပ်သည် ပေးဆပ်ရန်သက်တမ်းမစေ့ရောက်သေးသော်လည်း လုပ်ငန်းရှင်၏ ချို့ယွင်းအားနည်းချက် တစ်စုံတစ်ရာကြောင့် ချေးငွေပြန်လည်ပေးဆပ်မှုအပေါ် ထိခိုက်နိုင်သော အထောက်အထားအခိုင်အလုံရရှိပါက ယင်းချေးငွေအား သက်တမ်းမစေ့ရောက်မီ ပြန်လည်ပေးဆပ်စေခြင်း (သို့မဟုတ်) မူလခွင့်ပြုချေးငွေပမာဏကို ပြင်ဆင်လျှော့ချသတ်မှတ်ခြင်း၊

(ည) သတ်မှတ်ကာလအတွင်း အရင်း၊ အတိုး၊ ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားစွဲဆိုခြင်း၊ လိုအပ်ပါက အာမခံပစ္စည်းများကို ချိတ်ပိတ်ခြင်း၊ သိမ်းဆည်းခြင်း၊ ပြန်လည်ရောင်းချခြင်းစသည်တို့ကို ဆောင်ရွက်ရန် ခွင့်ပြုခြင်း၊

(ဋ) စီမံကိန်းလုပ်ငန်းကြီးများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများအတွက် ပမာဏကြီးမားသည့် ချေးငွေကိစ္စရပ်များကို အဖွဲ့မှစိစစ်ပြီး လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြဆောင်ရွက်ခြင်း။

၃။ မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်)

## ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးကော်မတီ (CHRD) ဖွဲ့စည်းခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျယ်ပြန့်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးကော်မတီ (Committee for Humanitarian Assistance, Resettlement and Development in Rakhine– CHRD)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| ( ခ ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ကောင်စီဝင် (၁) ဦး<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဋ ) | အတွင်းရေးမှူး<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | တွဲဖက်အတွင်းရေးမှူး |

၂။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးကော်မတီ (CHRD) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးဆောင်ရွက်ရန်၊

( ခ ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

( ဂ ) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်ရန်၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက် (၃) ရပ်နှင့်အညီ နိုင်ငံတော်၏ပံ့ပိုးမှုအပြင် ပြည်တွင်း/ ပြည်ပအလှူရှင်များ၏ ကူညီထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် ကော်မတီ၏ ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံနိုင်ရေး ဆောင်ရွက်ရန်။

၃။ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ဥက္ကဋ္ဌအနေဖြင့် အုပ်ချုပ်မှုကိစ္စရပ်များနှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် ကော်မတီရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၁၇-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၇)၊ ၂၉-၁၀-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၈) နှင့် ၁၁-၄-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်)

### အမျိုးသားမြေအသုံးချမှုကောင်စီဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အတွင်း အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားမြေအသုံးချမှု မူဝါဒပါရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသားမြေအသုံးချမှု ကောင်စီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဋ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဌ) ဥက္ကဋ္ဌများ — အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ

(ဍ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး (၁)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) တို့၏ မြေအသုံးချမှု ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရန် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့် သက်ဆိုင်သည့်မှတ်တမ်း များ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီဖြစ်စေရေးအတွက် လိုအပ်သော အစီအမံနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဃ) နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ မြေအသုံးချမှုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ အသုံးချမည့်မြေပမာဏ လျာထား ဆုံးဖြတ်ရာတွင် တိကျမှန်ကန်သည့် သတင်းအချက်အလက်ကို အကျိုးသက်ဆိုင်သူများအား ပွင့်လင်း မြင်သာစွာသိရှိစေရေးနှင့် ယင်းတို့ကိုယ်တိုင် အသုံးပြုခွင့်ရရှိစေရေးတို့အတွက် လမ်းညွှန်ကြီးကြပ် ဆောင်ရွက်ခြင်း၊

(င) မြေအသုံးချခြင်း၊ မြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် အခြားနည်းအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ တရားဝင် အခွင့်အရေးရရှိစေခြင်း၊ အငြင်းပွားမှုကို လျှော့ချခြင်းနှင့် မည်သည့်မြေအငြင်းပွားမှုကိုမဆို လွယ်ကူစွာ ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် တိကျသောနယ်နိမိတ် မြေပုံများရေးဆွဲခြင်းနှင့် မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်သည့် စနစ်ထားရှိကျင့်သုံးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(စ) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ ရေရှည်မြေအသုံးချမှုစီမံကိန်းများပြင်ဆင်ရာတွင် အဆိုပြု ထားသော မြေအသုံးချမှုစီမံကိန်းနှင့် မြေပုံများပါ ပြင်ဆင်ချက်များကို အသုံးပြု၍ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်သက်ဆိုင်သောဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် လေးစား လိုက်နာခြင်းတို့ကို အချိန်ကာလအပိုင်းအခြားအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဇ) မြေအသုံးချမှု စီမံခန့်ခွဲခြင်း၊ မြေခွဲဝေချထားခြင်းနှင့် မြေအသုံးချမှုစီမံကိန်းလုပ်ငန်းစဉ်များ အရည်အသွေး ကောင်းမွန်စေခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒအကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်း စသည်တို့နှင့်စပ်လျဉ်း၍ အစီရင်ခံမည့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ပြီး အစိုးရဌာနအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်စေရန် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေ လိုအပ်ချက်များအရ အမျိုးသားမြေအသုံးချမှုမူဝါဒကို အနည်းဆုံး ငါးနှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ခြင်း၊

(ည) အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးအောင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်<br>ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ခ) | ဦးမျိုးမင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်<br>ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးရွှေမော် | ညွှန်ကြားရေးမှူးချုပ်<br>ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

( ခ ) ဦးဉာဏ်ထွန်း ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၉/ခ၊ မင်းစု)၊ ဦးပိုင်အမှတ် (၄/က)၊ **မြေဧရိယာ ၃.၀၂၁ ဧက** ရှိမြေအား ကုသရေးဦးစီးဌာန၊ **“ကယားပြည်နယ် ပြည်သူ့ဆေးရုံကြီး (ဆရာဝန်နေအိမ်)”** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၁)**

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၁၈/၁-ခိုင်ကမ်း)၊ ဦးပိုင်အမှတ် (၁၄၂)၊ မြေကွက်အမှတ် (142)၊ **မြေဧရိယာ ၀.၃၇၉ ဧက** ရှိမြေအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ **“ခိုင်ကမ်းမြို့လျှပ်စစ်အင်ဂျင်နီယာရုံး”** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၂၁)**

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့၊ လွယ်ဘွာလ်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၃/၂၂၊ လွယ်ဘွာလ်း)၊ ဦးပိုင်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၉၀)၊ **မြေဧရိယာ ၂.၀၁၉ ဧက** ရှိမြေအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ **“၆၆/၁၁ကေဗွီလွယ်ဘွားလ် ဓာတ်အားခွဲရုံ”** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၁)

၁။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၃/အုတ်ကျင်းရပ်)၊ ဦးပိုင်အမှတ် (၆-ဆ)၊ **မြေဧရိယာ ၀.၀၇၀ ဧက** ရှိမြေအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ **"ကျောက်မဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၁)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့၊ ဈေးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၅/အထက်တန်းကျောင်းရပ်)၊ ဦးပိုင်အမှတ် (၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၇၊ ၁၃၈)၊ မြေကွက်အမှတ် (၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃)၊ **မြေဧရိယာ ၂.၀၆၄ ဧက** ရှိမြေအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ **"မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ဆောက်လုပ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဆောက်လုပ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၈/ ၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

၁။ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ကမော့ကချူးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (OSS-၆၉/ကမော့ကချူးအပြင်ကွင်း)၊ မြေကွက်အမှတ် (၁၈) ရှိ **မြေဧရိယာ ၀.၀၆ ဧက** အား **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လှိုင်းဘွဲ့မြို့နယ်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၁)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ကင်းတပ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀၅/ကင်းတပ်)၊ ဦးပိုင်အမှတ် (၃၀၆) ရှိ **မြေဧရိယာ ၀.၂၃ ဧက** အား မီးသတ်ဦးစီးဌာန၊ **"ကင်းတပ်နယ်မြေမီးသတ်စခန်း"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၁)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကံကြီး/မကျီးရပ်ကွက်၊ အကွက်အမှတ်/အမည် (၃၇၁/ ဒေးဒနောကွင်း) ရှိ **မြေဧရိယာ ၅.၄၅ ဧက** အား **ကွမ်းခြံကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသော မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေခဲအင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၀၈၈၊ စိုက်ခင်း (၃) တောင်ကွင်း)၊ မြေကွက်အမှတ် (၁၇/၃၁) ရှိ **“ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်း” အခွန်လွတ်သာသနာမြေဧရိယာ ၂.၀၁ ဧက** အနက်မှ **၀.၀၈ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယိကာမ ဒေါ်လွင်မာဥာဏ် (၁၂/ရကန (နိုင်) ၀၁၃၄၉၂) အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ (ခ) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၆၉-ခ/၁/ယင်းမာပင်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၆၃)၊ မြေကွက်အမှတ် (၁၁/၂၁၅)၊ မြေဧရိယာ **၀.၈၀၂ ဧက** ရှိမြေအား အားကစားနှင့် ကာယပညာဦးစီးဌာန၊ **“ယင်းမာပင်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန”** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၁)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃/ပျဉ်းမမြိုင်)၊ ဦးပိုင်အမှတ် (၁၄၈၁)၊ **မြေဧရိယာ ၀.၂၃၆ ဧက** ရှိမြေအား **“ကျွန်းလှမြို့နယ်တရားရုံး”** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၃၁၅)၊ မြေကွက်အမှတ် (F– ၃၂၄/၃၂၅ ) ရှိ **မြေဧရိယာ ၀.၅၅ ဧက** အား မီးသတ်ဦးစီးဌာန၊ **"တံတားဦးမြို့နယ်မီးသတ်စခန်း"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၁)

၁။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ ချောင်းကူးကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၆၃၇/ပျမကွင်း)၊ ဦးပိုင်အမှတ် (F–၁၁၈၊ F–၁၁၉)၊ မြေကွက်အမှတ် (327၊ 333/459) ရှိ **မြေဧရိယာ ၃.၆၄ ဧက** အား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"ချောင်းကူးပင်မ ဓာတ်အားခွဲရုံ"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၁)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၊ ရွှေယောက်ရပ်ကွက်)၊ ဦးပိုင်အမှတ် (၄၆)၊ မြေကွက်အမှတ် ($\frac{64}{90}$) ရှိ **မြေဧရိယာ ၀.၁၀၀ ဧက** အား ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ **"ဒီးမော့ဆိုမြို့နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၁)

၁။ ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့၊ ဝိန်းနေရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၃/ ဝိန်းကောင်းအင်း)၊ ဦးပိုင်အမှတ် (၈၉/၁) ရှိ **မြေဧရိယာ ၁.၁၁ ဧက** အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ **"မိုင်းဆတ်မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ဝန်ထမ်းအိမ်ရာ)"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၁)

၁။　ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ စီဟဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၈၅/စီဟဲရွာမ)၊ ဦးပိုင်အမှတ် (၉၅) ရှိ **မြေဧရိယာ ၀. ၁၄၇ ဧက** အား **"ဗန်းမော်မြို့ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။　အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၁)

၁။　မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ကဗ္ဗန်းမကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃၈၆/ကဗ္ဗန်းမ)၊ မြေကွက်အမှတ် (၂၄၃/၉၃၅)၊ **မြေဧရိယာ ၀.၉၆ ဧက** ရှိမြေအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ **"ကဗ္ဗန်းမဓာတ်အားပေးစက်ရုံ"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။　အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၁)

၁။　ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀)၊ ဦးပိုင်အမှတ် (၁၉)၊ မြေကွက်အမှတ် (၂၃)၊ **မြေဧရိယာ ၀.၁၃၇ ဧက** ရှိမြေအား လူမှုဝန်ထမ်းဦးစီးဌာန၊ **"ထန်တလန်မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံး"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။　အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော် သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၁)

၁။　ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၈-က/ဓာတ်အားခွဲရုံရပ်)၊ ဦးပိုင်အမှတ် (၂-က+၂-ခ)၊ မြေကွက်အမှတ် (၃၂+၃၂/၄၇) ရှိ **မြေဧရိယာ ၀.၅၂၄ ဧက** အား **"ရှမ်းပြည်နယ်သတ္တုတွင်းဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။　အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၁)

၁။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ အနောက်တောင်ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၂^{s}/ အနောက်လမ်းမတော်ရပ်)၊ ဦးပိုင်အမှတ် (၁၈၀) ရှိ **မြေဧရိယာ ၃.၇၅၀ ဧက** အား **ကြို့ပင်ကောက်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၁)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် – ၅၉၁/ဘိုးညာတိကုန်းကွင်း၊ ၅၉၉/ကျောက်ကံကွင်း၊ ဦးပိုင်အမှတ် (၁/၁၊ ၃၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၈၊ N) တို့ရှိ **မြေဧရိယာ ၃၁.၄၂ ဧက** အား **တပ်မတော်ဘီစကွတ်နှင့် ခေါက်ဆွဲစက်ရုံ (မှော်ဘီ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၁)

၁။ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့၊ အမှတ် (၅) ရပ်ကွက်၊ ကွင်းအမှတ်/အမည်–(၁၁၇၆–က/ ရေကျော်ကွင်း)၊ ဦးပိုင်အမှတ် (၃၁/၅) ရှိ **မြေဧရိယာ ၀.၁၄၇ ဧက** အား **မြန်မာ့အာမခံလုပ်ငန်း၊ ကရင်ပြည်နယ်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၁)

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၁/ စဉ့်ကူးအရှေ့ကွင်း)၊ မြေကွက်အမှတ် (အ–၃၀) ရှိ **မြေဧရိယာ ၅.၅၀၉ ဧက** အား **"အားကစားနှင့် ကာယပညာဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၁)

၁။ ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မိုးဟောက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (–/ ကွင်းပြင်)၊ ဦးပိုင်အမှတ် (N/၁) ရှိ **မြေဧရိယာ ၁၀.၀၉ ဧက** အား **"ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၁)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၅၂/ကင်မလင်းကျွန်း)၊ ဦးပိုင်အမှတ် (၁) ရှိ **မြေဧရိယာ ၀.၄၅၉ ဧက** အား **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၁)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၈၂ ဒီ/ဆင်သေအင်းကွင်း)၊ ဦးပိုင်အမှတ် (၁၇/၃၉၊ ၁၈/၁၂၊ ၁၉/၂၃) တို့ရှိ ဆန္ဒာဓိကာရုံ ကျောင်းတိုက် **အခွန်လွတ်သာသနာ့မြေဧရိယာ ၀.၈၂ ဧက** အနက်မှ **၀.၀၈ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန် နည်းဥပဒေ ၃၄ နှင့်အညီ သိမ်ဒါယကာ ဦးမြင့်ဝင်း (၁၂/သဃက (နိုင်) ၀၁၇၀၇၀) အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သိန္နီမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၉/ မန်နောင်ရပ်)၊ ဦးပိုင်အမှတ် (၄၉) ရှိ **မြေဧရိယာ ၁.၃၈၅ ဧက** အား **"သိန္နီမြို့နယ်စည်ပင်သာယာရေးဌာန (ပစ္စည်းသိုလှောင်ရုံ)"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၁)

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ်၊ လိုင်ဘုန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၁၀/၁-အာလွယ်)၊ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (1) ရှိ **မြေဧရိယာ ၆.၀၂၃ ဧက** အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ **"၆၆/၁၁ ကေဗွီအာလွယ်ဓာတ်အားခွဲရုံ"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၁)

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သိန္နီမြို့၊ ရပ်ကွက် (၃)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၁/ဘောလုံးကွင်းရပ်)၊ ဦးပိုင်အမှတ် (၂၃/၂၈)၊ **မြေဧရိယာ ၀.၂၂၉ ဧက** ရှိမြေအား သမဝါယမဦးစီးဌာန၊ **"သိန္နီမြို့နယ် သမဝါယမဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၂၁)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့၊ (ခ) ရပ်ကွက်၊ ကွင်းအမှတ်/ အမည်- (၆၀ (ခ)/ ရေဖြူ (ခ) ကွင်း)၊ ဦးပိုင်အမှတ် (B – ၅၂၊ B – ၅၅) ရှိ **မြေဧရိယာ ၀.၁၁ ဧက** အား **တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးကုဌာန၊ ရေဖြူမြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပ၊ ထ၊ န- အမှတ် ၅၅၈/၂၀(A)/ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ-၂၀၃၀/၂-၄-၂၀၂၁။